dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"What role plays Diversity in the Campaign?"*

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "လူမျိုးပေါင်းစုံ၊ အင်အားစုပေါင်းစုံ ပါဝင်ဖို့အတွက် ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း ဘယ်လောက်အရေးပါလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်လျက်ရှိပါတယ်။ အဲဒီလို တိုင်းရင်းသားလူမျိုးတွေများပြားလှတာနဲ့အညီ ပြည်တွင်းစစ်ပွဲတွေကလည်း များပြားပြီး သမိုင်းတလျှောက်လုံး အေးငြိမ်းမှုရှားပါးခဲ့ပါတယ်။

၂၀၁၀ အစိုးရသစ်တက်လာပြီး နောက်ပိုင်း ယခုအခါမှာတော့ တစ်ချိန်က ပြည်ပရောက် မြန်မာတိုင်းရင်းသားနိုင်ငံရေးလှုပ်ရှားသူတွေ၊ နိုင်ငံရေးကျွမ်းကျင်သူတွေပါ ပါဝင်လာပြီး အစိုးရဟာ အပစ်အခတ်ရပ်ဆဲရေး ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေကို ဆောင်ရွက်လာခဲ့ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ပြီးခဲ့တဲ့ မတ်လမှာ ကျရောက်တဲ့ အနှစ် ၇၀ မြောက် တပ်မတော်နေ့ အခမ်းအနားမှာ လာမယ့် နိုဝင်ဘာလဆန်းမှာကျင်းပမယ့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲမှာ လက်နက်နဲ့ ခြိမ်းခြောက် ပြီးမဲဆွယ်တာကို လက်ခံမှာ မဟုတ်ဘူးလို့ ဆိုခဲ့သလိုနိုင်ငံတော် သမ္မတ ဦးသိန်းစိန်ကလည်း လွတ်လပ်ရေးရပြီးချိန်ကစပြီး ကျင်းပခဲ့တဲ့ရွေးကောက် ပွဲတွေမှာ နိုင်ငံရေးအင်အားစုအားလုံး ပါဝင်နိုင်မှုမရှိခဲ့တာကြောင့် လာမယ့်ရွေးကောက်ပွဲမှာ နိုင်ငံရေး အင်အားစုတွေ အားလုံးပါဝင်တဲ့ ရွေးကောက်ပွဲဖြစ်အောင် ကျင်းပသွားမယ်လို့ ပြောဆိုထားခဲ့ကြတာတွေ့ရပါတယ်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံရဲ့ တိုင်းနဲ့ပြည်တွေဟာ ဖွံ့ဖြိုးမှုကွာဟတာတွေရှိနေသလို လူဦးရေအနေနဲ့မှာလည်း ကွာခြားမှုရှိနေတာက ရွေးကောက်ပွဲကျင်းပတဲ့အခါမှာ ဘယ်လိုဖြစ်ပေါ်လာနိုင်မလဲလို့ တွက်ဆပြီး ပြင်ဆင်ထားမှုတွေရှိပေမယ့် လက်တွေ့ဘယ်လောက်အကောင်အထည်ဖော်လို့ရမလဲ ဆိုတာကတော့ ရွေးကောက်ပွဲကျင်းပတဲ့ အခါစောင့်ကြည့်ကြရမှာပဲဖြစ်ပါတယ်။

မကြာမီကျင်းပတော့မယ့်၂၀၁၅ ရွေးကောက်ပွဲကို ဝင်ပြိုင်မယ့် ပါတီပေါင်း ၉၃ ပါတီရှိပြီး တစ်သီးပုဂ္ဂလ အမတ်တွေပါပေါင်းလိုက်ရင် ကိုယ်စားလှယ်ပေါင်း ၆၁၈၉ ယောက်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော် (အမျိုးသားနဲ့ပြည်သူ့ကိုယ်စားလှယ်ပေါင်း) မှာ အမတ်နေရာစုစုပေါင်း ၆၆၄ နေရာရှိပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်အမတ် နေရာတွေပါပေါင်းလိုက်ရင် ၁၁၇၁ နေရာကို ဝင်ရောက်ယှဉ် ပြိုင်ကြရ မှာဖြစ်ပါတယ်။  ပြည်ထောင်စုလွှတ်တော် (အမျိုးသားနဲ့ပြည်သူ့ကိုယ် စားလှယ်ပေါင်း) အမတ်နေရာ ၆၆၄ နေရာအတွက် တပ်မတော်က ၁၆၆ နေရာယူထားပြီးဖြစ်လို့ ကျန်တဲ့ ၄၉၈ နေရာရှိပါတယ်။ တိုင်းရင်းသားမဲဆန္ဒနယ်တွေမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ၂ ရပ်ပေါင်းအတွက် အမတ်နေရာ ၂၀၈ နေရာရှိတာကြောင့် လူနည်းစုတိုင်းရင်းသား ဒေသနေရာတွေဟာ မျက်စိကျစရာဖြစ်နေတာပါ။

အဆိုပါကဲ့သို့ ဒေသအလိုက် မတူညီမှုတဲ့ကွာခြားမှုတွေနဲ့ မကြာခင်မှာ ရောက်လာတော့မယ့် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကာလဟာ ရွေးကောက်ပွဲမှာ လူမျိုးပေါင်းစုံ၊ အင်အားစုပေါင်းစုံ ပါဝင်ဖို့အတွက် ဘယ်လောက်ထိအရေးပါနေပါသလဲ ဆိုတာကို ဒီအထဲမှာပါဝင်ပတ်သက်ကြမယ့် နိုင်ငံရေးပါတီများနဲ့ ဒီတစ်ပတ် ဒီဗွီဘီ ဒီဘိတ်အစီအစဉ်မှာ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"လွတ်လပ်ရေးရပြီးကာလနောက်ပိုင်း ကျနော်တို့နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကို ပြန်ပြောင်း ကြည့်ရှုတဲ့အခါ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတိုင်းမှာ နိုင်ငံရေးအင်အားစုတစ်ရပ်ရပ်ရဲ့ ဆန့်ကျင်မှု၊ မပါ ဝင်မှုကို အမြဲလိုလို ကြုံတွေ့ခဲ့ရပြီး နိုင်ငံရေးအင်အားစုအားလုံး ပါဝင်နိုင်တဲ့ အခြေအနေမျိုး ဖန်တီးနိုင်ခဲ့ခြင်း မရှိတာကို တွေ့ရမှာဖြစ်ပါတယ်၊ နိုင်ငံရေးအင်အားစုများအနေနဲ့ ရွေးကောက်ပွဲနည်းလမ်းပါ နိုင်ငံရေးကိုရှာဖွေပြီး မှန်ကန်တဲ့နိုင်ငံရေး ရွေးချယ်မှုတွေပြုလုပ်ဖို့ ကြိုးပမ်းနေတဲ့ အခြေအနေများကြောင့်လည်း ၂၀၁၅ ဟာ နိုင်ငံရေး အရ ထူးခြားမှုရှိမယ့်နှစ် ဖြစ်ပါတယ်"

**သမ္မတဦးသိန်းစိန်**

"လူမျိုးစုပါတီတွေ ပိုမိုအားကောင်းလာပါလိမ့်မယ်။ ဒီလူတွေဟာ သူတို့ရဲ့ လူ့အဖွဲ့အစည်းကို ကိုယ်စားပြုခွင့် တခါမှ မရရှိခဲ့ပါဘူး။ လူမှုအဆင့်အတန်း တိုးတက်မြှင့်မား ခွင့်လည်း တခါမှ မရရှိခဲ့ကြပါဘူး။ ဆိုတော့ တိုင်းရင်းသားပါတီတွေ အင်အားကြီးထွားလာမယ်ဆိုတာကတော့ ကျနော်မျှော်လင့်ထားပြီးသားပါ။ ဒါပေမဲ့ တိုင်းရင်းသားပါတီအားလုံး တခုနဲ့တခု မပြောဆို၊ မဆွေးနွေးနိုင်ကြတာ သိပ်မကောင်းပါဘူး။ ဒါကလဲမကြာခင် ပြောင်းလဲလာမယ်လို့ ကျနော်ထင်ပါတယ်။ အချိန်နဲ့အမျှတော့ တိုးတက်မှုတော့ ရှိပါတယ်။ဒါပေမဲ့ ကြန့်ကြာမယ်။ ကျနော်တို့အားလုံး လျင်မြန်တဲ့ အပြုသဘောဆောင်တဲ့ အပြောင်းအလဲကို လိုချင်ကြပါတယ်။"

**David Steinberg -** မြန်မာ့အရေးကျွမ်းကျင်သူ  အမေရိကန်ပါမောက္ခ

## *Information links:*

www.burmese.voanews.com
**www.dvbdebate.net**
**www.**Burmese.dvb.no
**https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA**